## မောင်မိုးသူ

# အင်နစ်ဂမာ

# ENIGMA

## Michael Barak

# မောင်မိုးသူ

(၁၉၃၇- )

အမည်ရင်း ဦးစိန်မြင့်။ ၁၉၃၇ ခုနှစ်၊ မန္တလေးမှာ မွေးတယ်။ အဖေသခင်ဗတုတ်၊ အမိ ဒေါ်မြမေ။

စိန်တောင် မြန်မာဘုန်းတော်ကြီးကျောင်းစိန့်ပီတာအင်္ဂလိပ် ဘုန်းကြီးအထက်တန်းကျောင်းနှင့် မန္တလေးတက္ကသိုလ်တို့ မှာ ပညာသင်ကြားခဲ့တယ်။ ဘွဲ့မရခဲ့ဘူး။

မန်းခေတ်သတင်းစာ၊ ခေတ်ဂျာနယ်(ယခင် ၁၉၆၀ ခုနှစ်ထုတ်) ဓနစီးပွားရေးမဂ္ဂဇင်းတို့ မှာ အယ်ဒီတာ လုပ်ခဲ့။

စာရေးဆရာ၊ ရုပ်ရှင်ဇာတ်ညွှန်းရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ အလုပ်များ လုပ်ခဲ့။ ထင်ရှားတဲ့ ဇာတ်ညွှန်းမှာ ရေပွက်ပမာ၊ ထင်ရှားတဲ့ ဇာ တ် ကား များ မှာ မှုန်နံ့သာခြယ်ကာသပါလို့ ၊ ကျွန်တော့်နာမည် ကျော်ကျော်။ စိတ္တဇဝတ္ထုကို ဘာသာပြန်ရာမှ ဘာသာပြန်စာအုပ် များ စွာရေးခဲ့။ ကျားကုတ်ကျားခဲနှင့် အိပ်ဖိုးဒတ်တို့ ဟာ သူ့ရဲ့ ထင်ရှားတဲ့ ဘာသာပြန်စာအုပ်များ ဖြစ်တယ်။

ယခုအခါ အယ်ဒီတာအလုပ်၊ စာရေးတဲ့ အလုပ်တို့ ကို လုပ်ကိုင်နေဆဲဖြစ်တယ်။

* * *

# မြန်မာပြန်သူ၏ အမှာ

'မိုက်ကယ် ဘားရက်'ဆိုသော အမည်မှာ ထင်ရှားသော အစ္စရေးစာရေးဆရာတစ်ဦး၏ 'ကလောင်အမည်သစ်'တစ်ခုဖြစ်ပါသည် ။ ဤနာမည်ဖြင့် The Enigma, The Phantom Conspiracy နှင့် Double Cross ဟူသော စာအုပ်သုံးအုပ်ရေးသားဖူးပါသည် ။ သူသည် ယင်းစာအုပ်များ ဖြင့် ကာလပေါ်လူပ်ရှားမှု စာရေးဆရာအဖြစ် ကျော်ကြားလာပါသည် ။

သူသည် ဘူဂေးရီးယားပြည်မှာ မွေးဖွားပြီး ဒုတိယကမ္ဘာစစ် ဂျာမန်ဖက်ဆစ်များ ၏ ဂျူးလူမျိုး ဖိနှိပ်ညှဥ်းပန်းရေး အခြေအနေဆိုးကြီးဒဏ်မှ လွတ်မြောက်ကြွင်းကျန်ခဲ့သူတစ်ဦး ဖြစ်ပါသည် ။ အစ္စရေးပြည်မှာ ကြီးပြင်း၍ ကမ္ဘာအနှံ့ ခရီးဆန့်ခဲ့သူတစ်ဦးဖြစ်ပါသည် ။ အာရပ် အစ္စရေး ၆ ရက်စစ်ပွဲကာလတွင် မိုလ်ချုပ်မိုရှီဒါယမ်၏ သတင်းဖြန့်ချီရေးအတွင်းရေးမှူးအဖြစ် ထမ်းဆောင်ခဲ့ပါသည် ။ ယွမ်ကစ်ပူး စစ်ပွဲကာလတွင် အစ္စရေး လေထီးတပ်သားအဖြစ် စူးအက်စ်တူးမြောင်းကို ကျော်ဖြတ်၍ အီဂျစ်နိုင်ငံတွင်းသို့ ဝင်ရောက်တိုက်ခိုက်ရာတွင် ကိုယ်တိုင်ပါဝင်ခဲ့ပါသည် ။

ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်နာဇီတို့ သည် ထိပ်တန်းလျှို့ဝှက်အသံလွှင့် အသံဖမ်းစကားဝှက်နှင့် ဆက်သွယ်သည့်

စက်တစ်လုံးတီထွင်သုံးပြုခဲ့ပါသည် ။ ၎င်းစက်အမည်မှာ Enigma ဖြစ်ပါသည် ။ အဓိပ္ပာယ်မှာ စကားထာ စားဝှက်ပဟေဠိဟု အဓိပ္ပာယ်ရပါသည် ။ ၎င်းစက်သည် ဒုတိယကမ္ဘာ စစ်ကြီး၏ အရှုံးအနိုင်ကိစ္စကြီးတစ်ခုလုံးကို ဆုံးဖြတ်ပေးခဲ့သည် ဟု ပြော၍ မရနိုင်သည့်တိုင် နှစ်ဖက် စပိုင်လောကအတွက်မူ အရေးအကြီးဆုံး အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည် ။ ၎င်းစက်အကြောင်းကို'အရေးကြီးဆုံး လျှို့ဝှက်ချက်'The Ultra Secret ဟူသော အမည်ဖြင့် စာအုပ်တစ်အုပ်ကို F.W. Winterbotham ကပြုစုရေးသားခဲ့ပါသည် ။ ၎င်းစာအုပ်ထဲ၌ 'စက်'စတင် တီထွင်ခဲ့သည် မှ အစ အသုံးချပုံ၊ ဂျာမန်တို့ ၏ စွမ်းရည်၊ ၎င်းစက်အတွက် မဟာမိတ်များ ဦးနှောက်ခြောက်ရပုံ၊ ရယူရန် ကြိုးပမ်းခဲ့ပုံ၊ အခက်အခဲများ အားလုံးအပါအဝင် တကယ့်ဖြစ်ရပ်မှန်အတိုင်း သက်ဆိုင်ရာ၏ ခွင့်ပြုချက်နှင့် ရေးသားပြုစုခဲ့ပါသည် ။ ၎င်းစာအုပ်မှာ လည်း နာမည်ကျော်ပါသည် ။

နောက်၎င်း Enigma စက်ကို မည်သို့မည်ပုံ ဗြိတိသျှများ ရရှိခဲ့ပုံ တကယ့်ဖြစ်ရပ်မှန်ကိုလည်း စာရေးဆရာ William Steuenson က A man called Intrepid (အကြောက်အလန့် မရှိသောလူ) ဟူသော စာအုပ်တစ်အုပ် ပြုစုရေးသားဖူးရာ ၎င်းစာအုပ်သည် လည်း ကမ္ဘာကျော်ခဲ့ပါသည် ။ ၎င်းစာအုပ်ကို ရုပ်ရှင်အဖြစ် ရိုက်ကူးပြသခဲ့ရာ လူကြိုက်များ ခဲ့ပါသည် ။ (မြန်မာပြည်၌ လည်း ပြသပြီးဖြစ်ပါသည် ။)

ဤဝတ္ထုမှာ ၎င်း Enigma စက်ကို အကြောင်းပြု၍ ဖွဲ့ဆိုထားပါသည် ။ ဗြိတိသျှထောက်လှမ်း ရေးအဖွဲ့မှ တာဝန်ခံပုဂ္ဂိုလ်များ သည် သူခိုးအကျော် ဘဲရွှန်(မြို့စားကြီး) ဖရန့်စစ်ဒီဘဲလ်ဗွားဆိုသူကို အကျဉ်းထောင်ထဲမှ ထုတ်၍ ပါရီကို စေလွှတ်သော Enigma(အင်နစ်ဂမာ) စက်ကို ခိုးယူစေပါသည် ။ ဒီဘဲလ်ဗွားသည်

နှယ်နှယ်ရရ သူခိုးမဟုတ်ပါ။ မကြာသေးမီကာလက ပါရီမြို့တော် ဂတ်စတာပို ဌာနချုပ်မှ ရွှေများကို အရခိုး၍ ဗြိတိန်သို့ ကူးပြေးလာနိုင်ခဲ့သူ ဖြစ်ပါသည် ။ ဒီဘဲလ်ဗွားပါရီသို့ ပြန်သွားခြင်းသည် သားရဲတွင်းသို့ ပြန်ဆင်းရခြင်းဖြစ်ပေသည် ။

ဗြိတိသျှတို့ က ဒီဘဲလ်ဗွားအား စေလွှတ်လိုက်ခြင်းကို ဂျာမန်စပိုင်အဖွဲ့ချုပ် အက်ဘဝါမှ ဗိုလ်ချုပ်က နားရစ်က ချက်ချင်းထောက်လှမ်းသိရှိသွား၏။ ထို့ကြောင့် ၎င်း'အင်နစ်ဂမာ'စက်ကို စောင့်ရှောက်ရန် သူ၏ လူယုံတော် ထက်မြက်ထူးချွန်လှသည့် ကာနယ်ဗွန်ဗက်ကို ပါရီသို့ စေလွှတ်လိုက်ပါသည် ။

ဤသို့ဖြင့် သူခိုးအကျော်နှင့် ဂျာမန်စပိုင်ထက်မြက်ထူးချွန်သော လူယုံတော်တို့ ဉာဏ်ချင်းဆိုင် အသက်ချင်းပြိုင်၍ သူနိုင်ကိုယ်နိုင် လုပ်ရှားဉာဏ်ကစားကြသည့် ဇာတ်လမ်းပင် ဖြစ်ပါသည် ။

မိုက်ကယ်ဘားရက်၏ စာအုပ်များကို မြန်မာဘာသာသို့ ယခင်က ပြန်ဆိုဖူးခြင်းမရှိ၍ မြန်မာ ဘာသာပြန်ပရိသတ်များ သိကျွမ်းဖတ်ဖူးသေးခြင်း မရှိနိုင်ပါ။ သို့သော် သူ၏ စာအုပ်သုံးအုပ်ကို ဖတ် ပြီးသောအခါ မြန်မာပရိသတ် နှစ်ခြိုက်နိုင်မည်ဟု ယူ၍ Enigma နှင့် The Phantom Cosspiracy စာအုပ် ၂ အုပ်ကို ကျွန်တော် မြန်မာပြန်ဆိုဖြစ်ခဲ့ပါသည် ။ Enigma စာအုပ်ကို စွန့်စွန့်စားစား လှုပ်ရှားရသော ဇာတ်ဆောင်'လူစွန့်စား'ကို အကြောင်းပြု၍ 'လူစွန့်စား'ဟူသော အမည်ပေးခဲ့ပါသည် ။ ယခုဒုတိယအကြိမ် ပြန်လည်ထုတ်ဝေရာ၌ မူရင်းအမည်အတိုင်း'အင်နစ်ဂမာ'ဟု ပေးလိုက်ပါ သည် ။

လေးစားလျက်

မောင်မိုးသူ

၂၅၊ ၉၊ ၂၀၀၂

* * *